စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ

အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲ

ကုန်သွယ်မှုမူဝါဒများနှင့် ဖွံ့ဖြိုးမှု

၁။ အဓိပ္ပါယ်သတ်မှတ်ချက်

ကုန်သွယ်မှုမူဝါဒဆိုသည်မှာ ကုန်သွယ်မှုပြုလုပ်ရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများအားလုံးကိုခြုံငုံကာ ကုန်သွယ်မှုမူဝါဒဟုခေါ်ဆိုသတ်မှတ်ကြပါသည်။ ကုန်သွယ်မှုမူဝါဒကို သတ်မှတ် ပြဋ္ဌာန်းရခြင်း၏ အဓိကရည်ရွယ်ချက်မှာအခြားနိုင်ငံများနှင့် ကုန်သွယ်မှု ပြုလုပ် ရာ၌ အဆင်ပြေချောမွေ့စေရေးကို အထောက်အကူဖြစ်စေရန်၊ ပြည်တွင်း၌ရှိသောထုတ်လုပ်မှုအင်အားစုများကိုအပြည့်အဝအသုံးပြုရန်နှင့်မိမိ နိုင်ငံ၏ကိုယ်ကျိုးစီးပွားကိုတတ်နိုင်သလောက် အကာကွယ်ပေးရန်အတွက်ဖြစ်ပါသည်။ သို့ဖြစ်ရာကုန်သွယ်မှုမူဝါဒကိုချမှတ်ရာတွင်နိုင်ငံတစ်ခုချင်းစီမှချမှတ်သည့် ကုန်သွယ်မှုမူဝါဒ များတစ်ခုနှင့်တစ်ခုထပ်တူညီမှုမရှိနိုင်ဘဲမိမိနိုင်ငံ၏အခြေအနေနှင့် ကိုက်ညီမှုရှိစေရန်နှင့်နိုင်ငံတကာမှ ချမှတ်ထားသည့်ကုန်သွယ်ရေးမူဝါဒများနှင့်ကိုက်ညီရန်လိုအပ်ပါသည်။

နိုင်ငံတစ်ခု၏ကုန်သွယ်မှုမူဝါဒတွင် ၄င်းနိုင်ငံမှသတ်မှတ်ထားသော ပို့ကုန်၊ သွင်းကုန်ဆိုင်ရာအခွန်အခသတ်မှတ်ချက်များ၊ ကုန်စည်များအား ကြပ်မတ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနှင့် နည်းဥပဒေများ၊ တင်ပို့/တင်သွင်းခွင့်ရှိသည့် ကုန်စည်အရေအတွက်သတ်မှတ်ချက်များအားလုံး အကျုံးဝင်ပါသည်။ ၄င်းအပြင် အခြားနိုင်ငံများနှင့် နှစ်နိုင်ငံကုန်သွယ်မှုသဘောတူညီချက်များ၊ အာဆီယံကဲ့သို့ ဒေသတွင်းအဖွဲ့အစည်းများနှင့် ကုန်သွယ်မှုသဘောတူညီချက်များ၊ WTO ကဲ့သို့ နိုင်ငံတကာကုန်သွယ်မှုအဖွဲ့အစည်းများနှင့် ကုန်သွယ်မှုသဘောတူညီချက်များကိုလည်း နိုင်ငံ၏ကုန်သွယ်မှုမူဝါဒ အစိတ်အပိုင်းအနေဖြင့် ထည့်သွင်းစဉ်းစားကြပါသည်။ ထို့အပြင် နိုင်ငံတစ်ခု၏ ကုန်သွယ်မှုမူဝါဒသည် ၄င်းနိုင်ငံ၏စီးပွားရေးမူဝါဒ၊ ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ နိုင်ငံတကာဆက်ဆံရေးမူဝါဒ၊

မျက်မှောက်ခေတ်၌ သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒစသည့် အရေးပါသောမူဝါဒများနှင့် အပြန်အလှန်ဆက်စပ်လျက်ရှိပါသည်။

၂။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှု၏အရေးပါပုံ

ကုန်သွယ်မှုသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ကြီးမားသော အထောက်အပံ့ဖြစ်စေသည်ဟုပညာရှင်များကလက်ခံထားကြပါသည်။ထို့အတွက်ကုန်သွယ်မှုသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ပေးသောအင်ဂျင် (Engine of Economic Growth) ဖြစ်ပါသည်။ ပြီးခဲ့သည့်ဆယ်စုနှစ်အတွင်း အာရှနိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုသည် ပို့ကုန်ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးမှုပုံစံ (Export-led Economic Growth Model) ဖော်ဆောင်ခဲ့ပြီး ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ထွန်းကားလာပြီး (Development of Export-oriented Economy) ကိုထူထောင်နိုင်ခဲ့သောကြောင့်ဖြစ်ပါသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် ကုန်သွယ်မှုသည် ဆင်းရဲမှုပပျောက်ရေးအတွက် အရေးအကြီးဆုံးသော အထောက်အပံ့ကိရိယာ (Tool for Poverty Alleviation) ဟု သတ်မှတ်ထားကြပါသည်။

ကုန်သွယ်မှုသည် နိုင်ငံ၏ဝင်ငွေ(Revenue)၊ နိုင်ငံ၏အရင်းအနှီးများ စုဆောင်းနိုင်မှု (Capital Accumulation)၊ အစားထိုးသုံးစွဲနိုင်မှု (Substitution)၊ သွင်းအားစုများကို စွမ်းအားပြည့်အသုံးချနိုင်မှု (Effective Utilization of Resources)၊ အလုပ်အကိုင်ရရှိမှု၊ ဝင်ငွေခွဲဝေဖြန့်ဖြူးနိုင်မှု (Income Distribution) တို့အား တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေ အကျိုးသက်ရောက်မှုရှိပါသည်။ သို့ဖြစ်ရာ ကုန်သွယ်မှု၏ အကျိုးသက်ရောက်မှုသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အခိုင်အမာချိတ်ဆက်လျက်ရှိနေပါ၍ ကုန်သွယ်မှုမူဝါဒသည် အထူးသဖြင့် နိုင်ငံ၏ရေရှည်အကျိုးစီးပွားကို အထောက်အပံ့ပြုမည့်မူဝါဒမျိုး ဖြစ်စေရပါမည်။

ကုန်သွယ်မှုသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကိုနည်းလမ်းနှစ်သွယ်ဖြင့် မြှင့်တင်ပေးပါသည်။ ပထမနည်းလမ်းမှာ ကုန်သွယ်မှုကြောင့် နိုင်ငံ၏အရင်းအမြစ်များနှင့် ထုတ်လုပ်မှုကို အကောင်းဆုံးပုံစံဖြင့်ဖြန့်ဝေပေးနိုင်ပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို လှုံ့ဆော်ရန် ပို့ကုန်ဦးစားပေး

ကုန်သွယ်မှုစနစ်ဖြင့် ဖွံ့ဖြိုးမှုကို အားပေးသည့်နည်းလမ်းဖြစ်ပါသည်။ ဒုတိယနည်းလမ်းမှာ ကုန်သွယ်မှုကြောင့် မိမိနိုင်ငံအတွင်း၌ မထွက်ရှိသောကုန်ကြမ်းများ၊ မထုတ်လုပ်နိုင်သည့် စက်မှုထုတ်ကုန်ပစ္စည်းများနှင့် မရှိသေးသည့် နည်းပညာများကိုတင်သွင်းပြီး သွင်းကုန်ဦးစားပေးကုန်သွယ်မှုစနစ်ဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အားပေးသည့်နည်းလမ်းဖြစ်ပါသည်။

ကုန်သွယ်မှုကို တိုးမြင့်စေခြင်းဖြင့် နိုင်ငံတကာဈေးကွက်ကို ချဲ့ထွင်လာနိုင်ရန် အထောက်အကူဖြစ်စေပါသည်။ ထိုကဲ့သို့လုပ်ဆောင်ရာတွင် ကနဦးအဆင့်အနေဖြင့် အရင်းအမြစ်အခြေခံ (resource based) ထုတ်ကုန်များကို အရည်အသွေးမြင့်တက်စေရန် ကြိုးစားပြီး နိုင်ငံတကာဈေးကွက်ဝင်ထုတ်လုပ်တင်ပို့နိုင်ရေးဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုမှတစ်ဆင့် လုပ်အားစူးစိုက်သုံး (labour intensive export items) ပို့ကုန်ပစ္စည်းများအဆင့်သို့ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရပါမည်။ လုပ်အားစူးစိုက်သုံး ကုန်စည်များ ထုတ်လုပ်မှုအဆင့်တွင် ဈေးနှုန်းသက်သာသော မကျွမ်းကျင်သည့်လုပ်သားများအသုံးပြုခြင်းမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများအသုံးပြုသည့် ထုတ်လုပ်မှုအဆင့်သို့ တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ၄င်းမှတဆင့် အရင်းအနှီးစူးစိုက်သုံး (capital intensive) ပို့ကုန်များတိုးမြှင့်ထုတ်လုပ်ခြင်းနှင့် နည်းပညာအခြေခံပို့ကုန်ပစ္စည်းများ (knowledge-based items) တိုးချဲ့ထုတ်လုပ်သွားခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို တိုးတက်ဖွံ့ဖြိုးစေမည်ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသမိုင်း

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသမိုင်းကြောင်းကို ကာလ (၆)ခုဖြင့် ပိုင်းခြားတွေ့မြင်ရမည်ဖြစ်ပါသည်။ ၄င်းတို့မှာ(က) လွတ်လပ်ရေးမရမီခေတ် (၁၉၄၈ အထိ) (ခ) ပါလီမန်ဒီမိုကရေစီခေတ် (၁၉၄၈-၁၉၆၂) (ဂ) ဆိုရှယ်လစ်ခေတ် (၁၉၆၂-၁၉၈၈) (ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီခေတ် (၁၉၈၈-၁၉၉၇) (င)နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်(၁၉၉၇ - ၂၀၁၁)

(က) လွတ်လပ်ရေးမရမီခေတ် **(**၁၉၄၈ အထိ**)**

မြန်မာနိုင်ငံအား ဗြိတိသျှတို့သိမ်းပိုက်ပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ထွက်ကုန်များ ကို လွယ်ကူစွာကူးသန်းရောင်းချနိုင်ရန်နှင့်တိုးတက်မှုဆက်လက်တည်မြဲနေ စေရန် အတွက်လွတ်လပ်စွာလုပ်ကိုင်ရေးနှင့် တိုင်းပြည်အချင်းချင်း လွတ်လပ်သော ကုန်သွယ်ရေးမူဝါဒ (Laissez-faire policy) တို့ကိုကျင့်သုံးခဲ့ပြီး ဗြိတိသျှ အစိုးရသည် လွတ်လပ်စွာလုပ်ကိုင်ရေးဝါဒ၊ အစိုးရမှဝင်ရောက်မစွက်ဖက်ရေးဝါဒ တို့ကို ကျင့်သုံး ခဲ့ကြပါသည်။ ဤမူဝါဒအရနိုင်ငံခြားနှင့်ကုန်သွယ်မှုကိုလည်းကောင်း၊ ပြည်တွင်း ကုန်သွယ်မှုကိုလည်းကောင်း၊ လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုခဲ့ သည်။ ဤမူဝါဒအရ မြန်မာနိုင်ငံ၏ ကုန်ထုတ်လုပ်မှုသည် "အိမ်တွင်း ဖူလုံမှု" မှ"ပြည်တွင်းဖူလုံမှု"၊ ထိုမှတဆင့် နိုင်ငံခြားတိုင်းပြည်များသို့တင်ပို့နိုင်သည် အထိတိုးတက် ပြောင်းလဲ လာပါသည်။ဗြိတိသျှအုပ်ချုပ်မှုတွင်မြန်မာနိုင်ငံ၏နိုင်ငံခြားကုန်သွယ်မှုမှာ အလျင် အမြန်ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ထုတ်ကုန်သည်သွင်းကုန်ထက် အစဉ်များနေခဲ့ ပါသည်။

၁၉၂၀ မှ ၁၉၄၂ ခုနှစ်အထိ၊ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုတွင် ဆန်စပါး၊ ရေနံနှင့်သစ်ကို အများဆုံးပြည်ပသို့တင်ပို့ရောင်းချလာနိုင်ပြီး၊ အထည်အလိပ်နှင့် အခြားစားသုံးကုန်များကို သွင်းကုန်များအဖြစ် တင်သွင်းပါသည်။ မြန်မာနိုင်ငံသို့ ပြင်ပနိုင်ငံတို့မှကူးသန်းရောင်းဝယ်ရာတွင် ပင်လယ်ရေကြောင်းသည် အဓိက အကျဆုံး ကုန်သွယ်လမ်းကြောင်းဖြစ်ပြီး အိန္ဒိယနိုင်ငံအပါအဝင် ပြည်ပနိုင်ငံ များနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှု (ထုတ်ကုန်နှင့် သွင်းကုန်) တန်ဘိုးများ သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာခဲ့ပါသည်။ ကိုလိုနီခေတ်မြန်မာနိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းပြုခဲ့ကြသော ကုန်ပစ္စည်းများအနက်၊ ဆန်စပါးနှင့်ရေနံထွက်ပစ္စည်းများသည် အဓိကထုတ်ကုန်ဖြစ်ခဲ့ပြီး ရန်ကုန်ဆိပ်ကမ်း တစ်ခုတည်းမှပင် တင်ပို့ခဲ့ပါသည်။

(ခ) ပါလီမန်ဒီမိုကရေစီခေတ် (၁၉၄၈ - ၁၉၆၂)

လွတ်လပ်ရေးရပြီးကာလ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း အနိမ့်ဆုံးဖြစ်ခဲ့ပြီး စီးပွားရေးမူဝါဒမှာ နိုင်ငံပိုင်စနစ်၊ ဆိုရှယ်လစ်စနစ်နှင့် ဈေးကွက်စနစ်တို့ ရောနှောနေခဲ့ပါသည်။ ဤကဲ့သို့ဖြစ်ခြင်းကြောင့် ကုန်သွယ်မှုနှင့်ပတ်သက်၍ တစ်ဖက်တွင် လွတ်လပ်ခွင့်ပေးထားသကဲ့သို့ တစ်ဖက်တွင်လည်း အကန့်အသတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်မှုများ ရှိခဲ့ပါသည်။ ပထမဦးစွာ လယ်ယာမြေများကို နိုင်ငံပိုင်သိမ်းခဲ့ပြီး စိုက်ပျိုးသူများအား ပြန်လည်ခွဲဝေပေးခဲ့ပါသည်။ ယခင်နိုင်ငံခြားသားများ လက်ဝါးကြီးအုပ်ထားခဲ့သော ဆန်စပါးကုန်သွယ်ရေးကို အစိုးရမှ လက်လွှဲယူခဲ့ခြင်း၊ သစ်လုပ်ငန်းကို နိုင်ငံပိုင်ပြုလုပ်ခဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ အခြေခံလုပ်ငန်းအချို့ကို သတ်မှတ်ခဲ့ပြီး နိုင်ငံပိုင်အနေဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကာ နိုင်ငံခြားကုန်သွယ်မှုအပါအဝင် စီးပွားရေးဆောင်ရွက်မှုများတွင် ပုဂ္ဂလိကကဏ္ဍမှပါဝင်ဆောင်ရွက်နိုင်ရန် နေရာအချို့ကိုသာ ခွင့်ပြုပေးခဲ့သည်။ မြန်မာနိုင်ငံ၏စက်မှုကဏ္ဍတွင် ကျွမ်းကျင်သူများနှင့်ရင်းနှီးမတည်ငွေမလုံလောက်မှုကြောင့် အောင်မြင်မှုမရခဲ့သော်လည်း ကုန်သွယ်ရေးပိုငွေအသင့်အတင့်ရရှိခဲ့ပါသည်။

(ဂ) ဆိုရှယ်လစ်ခေတ်(၁၉၆၂-၁၉၈၈)

၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးခဲ့ပြီး နိုင်ငံတော်အဆင့်စီမံကိန်းအချို့ကို ဖျက်သိမ်းခြင်းနှင့် အစိုးရနှင့်နိုင်ငံခြားကုမ္ပဏီများ ဖက်စပ်တည်ထောင်ခြင်းတို့ကို အားပေးခဲ့သည်။ အစိုးရကျင့်သုံးခဲ့သော မူဝါဒများမှာ မြန်မာမှုပြုခြင်း (Burmanization)၊ ဗဟိုမှချုပ်ကိုင်သည့် ဆိုရှယ်လစ်စနစ်နှင့် မိမိကိုယ်ကိုအားကိုးသည့် အတွင်းမျှော် ပြည်တွင်းဖူလုံမှုမူဝါဒ (Inward- looking self-reliant policy) တို့ကိုကျင့်သုံးခဲ့ပါသည်။ ငွေလမ်းစဉ်အရ

ကဏ္ဍအသီးသီးရှိ ပုဂ္ဂလိကပိုင်လုပ်ငန်းများအားလုံးကို ပြည်သူပိုင်ပြုလုပ်ခဲ့ပြီး တောင်သူလယ်သမားများအား စီမံချက်သီးနှံများစိုက်ပျိုးစေခြင်းနှင့် ထွက်ရှိလာသည့် သီးနှံများအား ဈေးကွက်ပေါက်ဈေးအောက် သတ်မှတ်ထားသည့် ဈေးနှုန်းဖြင့် အစိုးရမှပြန်လည်ဝယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ယင်းကာလတွင် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများကို အကာအကွယ်ပြုရန်နှင့် သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန် ပိုမိုအလေးထားဆောင်ရွက်ခဲ့ပါသည်။ သွင်းကုန်အစားထိုးထုတ်လုပ်ရေးအတွက် ပြည်ပမှကုန်ကြမ်းများနှင့် စက်ကိရိယာအပိုပစ္စည်းများ တင်သွင်းရန် နိုင်ငံခြားငွေလိုအပ်ချက်ကြောင့် နိုင်ငံပိုင်သွင်းကုန်အစားထိုးလုပ်ငန်းများ မအောင်မြင်ရခြင်းနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဝင်ရောက်စွက်ဖက်မှုများသဖြင့် ပို့ကုန်တင်ပို့မှုမှာ တိုးတက်သင့်သလောက် တိုးတက်မလာခြင်းတို့က နိုင်ငံစီးပွားရေးကို ကျဆင်းစေခဲ့ပါသည်။ ဘဏ္ဍာရေးကဏ္ဍကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်မှုမရှိခြင်း နှင့် နိုင်ငံအဆင့်မေခရိုစီးပွားရေးဝန်းကျင် ခိုင်မာမှုမရှိခြင်းတို့ကလည်း နိုင်ငံ၏ စီးပွားရေးကို ကျဆင်းစေသည့် အဓိကအကြောင်းရင်းများဖြစ်ခဲ့ပါသည်။

၁၉၆၂ ခုနှစ် စက်တင်ဘာလတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ကာလတိုနှင့်ကာလရှည်စီးပွားရေးမူဝါဒများဟု မူဝါဒအသစ်တစ်ရပ် ပြဌာန်းခဲ့ပါသည်။ အစိုးရအနေဖြင့် နိုင်ငံခြားမှလာရောက်ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုရန်တွန့်ဆုတ်နေခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍအား လျစ်လျူရှုထားခဲ့သဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကျဆင်းခဲ့ပါသည်။

၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီနောက်ပိုင်း၌ နိုင်ငံခြားကုန်သွယ်ရေးမှာနိုင်ငံပိုင်ထုတ်လုပ်သူများမှ တိုက်ရိုက်ကိုင်တွယ်သည့် (သို့မဟုတ်) နိုင်ငံပိုင်ကုန်သွယ်ရေးကော်ပိုရေးရှင်းများမှ တိုက်ရိုက်ကုန်သွယ်ခြင်းဖြင့် လက်ဝါးကြီး

အုပ်ခံခဲ့ရသည်။ သွင်းကုန်တင်သွင်းရာတွင် အဆင့်မြင့်ကုန်ပစ္စည်းနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများကို ပထမနှင့်ဒုတိယဦးစားပေးအဖြစ်ခွင့်ပြုပေးခဲ့ပါသည်။

စိုက်ပျိုးရေးကဏ္ဍသည် စီးပွားရေးတစ်ရပ်လုံးအတွက် အရေးကြီးဆုံးဖြစ်ခဲ့သော်လည်း ဦးစားပေးရင်းနှီးမြှုပ်နှံမှု နည်းပါးခဲ့ခြင်းကြောင့် တိုးတက်မှုနှုန်းမှာ တန့်နေခဲ့ရသည်။ ၁၉၆၃ ခုနှစ်မှစ၍ မြန်မာ့စိုက်ပျိုးရေးနှင့်ဈေးကွက်ဘုတ်အဖွဲ့က စီမံကိန်းသို့မဟုတ်ထိန်းချုပ်သည့်သီးနှံများနှင့် စီမံကိန်းမဝင် သို့မဟုတ် မထိန်းချုပ်သည့်သီးနှံဟူ၍အမျိုးအစားခွဲခြားပြီး သီးနှံများအားထိန်းချုပ်ကာ အရောင်းအဝယ်ပြုခဲ့ပါသည်။ အထူးသဖြင့် အရေးပါဆုံးသီးနှံဖြစ်သည့် ဆန်စပါးကို နိုင်ငံတော်မှ နိမ့်ကျသောဈေးနှုန်းဖြင့် ဝယ်ယူခဲ့သောကြောင့် ဆန်စပါးလုပ်ငန်းကျဆင်းခဲ့သကဲ့သို့ ဆန်ပို့ကုန်သည်လည်း အဓိကတင်ပို့သူ (major exporter) အဆင့်မှ သာမန်တင်ပို့သူ (marginal exporter) အဆင့်သို့ ကျဆင်းခဲ့ရပါသည်။

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီခေတ်(၁၉၈၈- ၁၉၉၇)

၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ နိုင်ငံတော်တာဝန်များကို လွှဲပြောင်းရယူခဲ့ပြီး ၁၉၈၈ ခုနှစ်တွင် ပြည်တွင်းပြည်ပကုန်သွယ်ရေး၌ ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ဆောင်ရွက်စေခဲ့ပါသည်။ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်ရေးအတွက်နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့ပါသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းကာလများတွင် ဈေးကွက်စီးပွားရေးစနစ်သို့ ဦးတည်ပြောင်းလဲလာသည်နှင့်အညီ ဗဟိုမှချုပ်ကိုင်သည့်စနစ်မှ ပုဂ္ဂလိကကဏ္ဍကို ဦးစားပေးသည့် စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလာခဲ့ပါသည်။ ၁၉၈၉ ခုနှစ်မတ်လတွင် ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ဆောင်

ရွက်ခဲ့ပြီး ဘဏ္ဍာရေးပြုပြင်ပြောင်းလဲခြင်းများ၊ ဥပဒေစနစ်ပြုပြင်ပြောင်းလဲခြင်းများ၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍပြုပြင်ပြောင်းလဲခြင်းများ၊ နယ်စပ်ဒေသများတွင် စီမံအုပ်ချုပ်မှု ပြုပြင်ပြောင်းလဲခြင်းများ အစရှိသည်တို့အပါအဝင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများစွာကို ပြုလုပ်ပေးခဲ့သည်။ တည်ဆဲဥပဒေများအရ ကန့်သတ်ထားသည့်ကုန်စည်များနှင့် နိုင်ငံတကာသဘောတူညီချက်များအရ ကုန်သွယ်ရန်တားဆီးပိတ်ပင်ထားသည့်ကုန်စည်များမှအပကျန်ကုန်စည်များကိုကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက်လွတ်လပ်စွာတင်ပို့ရောင်းချခြင်း၊ တင်သွင်းခြင်းများပြုလုပ်ခဲ့ပါသည်။ပြည်ပသို့ကုန်ပစ္စည်းများတင်ပို့ခြင်းတို့အတွက် ပို့ကုန်သွင်းကုန် လိုင်စင် လျှောက်ထားတင်သွင်းစေခဲ့ပြီး သွင်းကုန် ဦးစားပေးစနစ်ကိုကျင့်သုံးခဲ့၍ကုန်သွယ်မှုပိုငွေဆက်တိုက်ပြခဲ့ပါသည်။ ဤကဲ့သို့ဈေးကွက်ဖွင့်လှစ်ပေးခဲ့မှုကြောင့်ပဲမျိုးစုံ၊နှမ်း၊ပြောင်း၊ရာဘာစသည့် ပြည်တွင်းလယ်ယာ ထွက်ကုန်များမှာနိုင်ငံတကာဈေးကွက် အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့ပါသည်။ ထို့ကြောင့်နိုင်ငံတော်အနေဖြင့် လယ်ယာထွက်ကုန်သီးနှံများ ပိုမိုထွက်ရှိရေးကို ဦးစားပေးဆောင်ရွက်ခဲ့၍လယ်ယာထွက်ကုန်သီးနှံများပိုမိုတင်ပို့နိုင်ခဲ့သည့်အပြင်သီးနှံ အသစ်များတင်ပို့ နိုင်ခဲ့သောကြောင့် ယခင်စပါး တစ်မျိုးတည်းကို တင်ပို့သည့်ပုံစံ (Mono crop export pattern) မှ သီးနှံစုံတင် ပို့သည့်ပုံစံ (Multi crop export pattern) သို့ ကူးပြောင်းနိုင်ခဲ့ပါသည်။

(င) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ် **(** ၁၉၉၇ **-** ၂၀၁၁ **)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဈေးကွက်အတွင်း အစိုးရ၏ကြားဝင်ဆောင်ရွက်မှုများ ပိုမိုပါဝင်လာခဲ့သည်။ နိုင်ငံခြားကုန်သွယ်ရေးတွင် ပို့ကုန်ခွန်များနှင့် သွင်းကုန်ကန့်သတ်ပစ္စည်းများ ပြုလုပ်ကောက်ခံခဲ့သည်။ ပြည်တွင်းစားသုံးမှုကိုမထိခိုက်စေပဲ နိုင်ငံတော်မှပိုလျှံထွက်ရှိသော ကုန်ပစ္စည်း

များကို ပို့ကုန်ပထမစနစ် (Export First) နှင့်အညီ ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။ အသေးစားနှင့်အလတ်စား အိမ်တွင်းစက်မှုလုပ်ငန်းများကို အားပေးကာပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီးပြည်ပသို့ကုန်ချောထုတ်လုပ်တင်ပို့ခွင့်ပြုခဲ့ပါသည်။ ယခင်က ဈေးကွက်တင်ရောင်းချခြင်းမပြုသေးသည့် ပို့ကုန်ပစ္စည်းအမယ်သစ်များ အဖြစ် ရေနံနှင့်သဘာဝဓါတ်ငွေ့များ တူးဖော်ထုတ်လုပ်တင်ပို့ရောင်းချခြင်း၊အဝတ်အထည် များနှင့် အသေးစားစက်မှုထွက်ကုန်များကို လက်ခစားလုပ်ငန်းစနစ် (Cutting, Making, Packaging-CMP)ဖြင့်တင်ပို့ရောင်းချခြင်းများကိုတိုးမြှင့် ဆောင်ရွက်ခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် မြန်မာနိုင်ငံသည် ဆန်စပါးတိုးမြှင့်တင်ပို့နိုင်ရေးအတွက်တိုးတက်ထုတ်လုပ်လာနိုင်ခြင်း၊ ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်တင်ပို့ရာတွင်လည်း အာဆီယံနိုင်ငံများအနက် ဦးဆောင် နိုင်ငံအဆင့်သို့ ရောက်ရှိလာစေခြင်း၊သစ်တောပြုစုထိန်းသိမ်းမှုနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်း မှုကိုပိုမိုအလေးပေးဆောင်ရွက်လာခြင်း၊သဘာဝဓာတ်ငွေ့များ ပိုမိုဖော်ထုတ်ရရှိလာ နိုင်ခြင်း၊လျှပ်စစ်စွမ်းအားကဏ္ဍအလားအလာကောင်းများကို ရယူအသုံးချလာနိုင် ခြင်း၊ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတို့တွင်အရှေ့တောင်အာရှနိုင်ငံများနှင့်ရင်ပေါင် တန်းနိုင်လာ ခြင်းစသည့် တိုးတက် ဖြစ်ထွန်းမှုများပေါ်ပေါက်လာခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization-WTO) တွင်ကနဦးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင်အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of South East Asia Nations-ASEAN)၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဘင်္ဂလားပင်လယ်အော်ဦးဆောင်ဦးရွက်ပြုမှုအစီ အစဉ် (Bay of Bengal Intiative for Multisectoral Economic Cooperation-BIMST-EC)၊ မဟာမဲခေါင်ဒေသခွဲ(Greater Mekong Subregion-GMS) စသည့်ဒေသဆိုင်ရာ

စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်လာခဲ့ပါသည်။ ကုန်သွယ်ဖက်နိုင်ငံများနှင့်ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက် မှုများ တိုးမြင့်လာခဲ့ပြီး ပြည်တွင်းကုန်စည်ပြပွဲများ၊နိုင်ငံတကာကုန်စည်ပြပွဲများကျင်းပ၍ ကုန်သွယ်မှုမြှင့် တင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊နယ်စပ်ကုန်သွယ်ရေးစခန်းများတိုးချဲ့ ဖွင့်လှစ် နိုင်ခဲ့ခြင်း၊ကုန်သွယ်မှုလုပ်ငန်းများတွင်အထောက်အကူဖြစ်စေမည့် သတင်းအချက အလက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့ခြင်း စသည်တို့ကိုပြုလုပ်ခဲ့ပါသည်။တပ်မတော်အစိုးရလက်ထက်တွင်ဈေးကွက်စီးပွားရေး စနစ်ကိုကျင့်သုံးခဲ့ပြီးအပြင်ကိုရှုမျှော်သည့်စီးပွားရေး (Outward-looking Economy) ကိုအသင့်အတင့်အကောင်အထည်ဖော်ခဲ့၍ ပြည်ပကုန်သွယ်ရေး ပိုမိုအရေးပါလာ သကဲ့သို့ ပို့ကုန်ဦးစားပေး မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

၄။ အာရှနိုင်ငံအချို့၏ ကုန်သွယ်မှုမူဝါဒများကို လေ့လာခြင်း

(က) အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒ

အိန္ဒိယနိုင်ငံ၏နိုင်ငံခြားကုန်သွယ်မှုမူဝါဒသည်ပြည်တွင်းဈေးကွက်တွင် နိုင်ငံခြား ကုမ္ပဏီများ၏ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းအားကိုထိန်းချုပ်ကာပြည်တွင်းဈေးကွက် ကိုအကာအကွယ်ပေးရန် အလေးပေးပြဋ္ဌာန်းထားပြီး သွင်းကုန်အစားထိုးမူဝါဒကို ဦးစားပေးဆောင်ရွက်စဉ်က လိုင်စင်စနစ်ရှုပ်ထွေးမှု၊ဘဏ္ဍာရေးနှင့် ဘဏ္ဍာရေး မဟုတ်သောအတားအဆီးများကြောင့်သွင်းကုန်လုပ်ငန်းများအပေါ် ထိန်းချုပ်မှု များကိုဖြစ်ပေါ်လာစေခဲ့ပါသည်။သို့ဖြစ်၍ ကုန်သွယ်မှုမူဝါဒ ပြုပြင်ပြောင်းလဲမှု များနှင့် စီးပွားရေးမူဝါဒသစ်များ ချမှတ် ဆောင်ရွက်ခြင်းကို ၁၉၉၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ကုန်သွယ်မှုမူဝါဒများကို ၅ နှစ်လျှင်တစ်ကြိမ် ချမှတ်ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက် ခဲ့ပါသည်။

ကုန်သွယ်မှုမူဝါဒပြုပြင်ပြောင်းလဲမှုများတွင် အကောက်ခွန်အတားအဆီးများကို လျှော့ချခြင်း၊ သွင်းကုန်ပို့ကုန်လိုင်စင်စနစ်များကို နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီရှင်းလင်းလွယ်ကူသည့် လုပ်ထုံးလုပ်နည်းများ ဖြစ်လာစေခြင်းတို့ ပါဝင်ပါသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများဖြစ်သော နိုင်ငံ၏ကြိုးနီစနစ်များနှင့် ဖြေလျှော့ရန်လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အားပေးခြင်းတို့ကြောင့် အာရှပစိဖိတ်ဒေသတွင်း၌ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရှေ့တန်းမှရပ်တည်မှုတွင် ပါဝင်လာနိုင်ခဲ့ပါသည်။ အထူးသဖြင့် အိန္ဒိယနိုင်ငံသည် နိုင်ငံရေးနှင့်စီးပွားရေးစနစ်များအကြား ပဋိပက္ခမရှိအောင် ဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို လုံခြုံစိတ်ချရမှုရှိစေရန် အာမခံနိုင်သည့် ပွင့်လင်းမြင်သာမှုရှိသော စီးပွားရေးပတ်ဝန်းကျင် (transparent environment) ကို ဖန်တီးပေးခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍကိုလည်း အရှိန်အဟုန်ဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာစေခြင်း တို့ကြောင့် အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် နိုင်ငံတကာအတွက် ဆွဲဆောင်မှုရှိသည့် ဈေးကွက်နိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့ပါသည်။ အရည်အသွေးမြင့် အုပ်ချုပ်မှု ပိုင်းနှင့်နည်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ တည်ဆောက်လာနိုင်ခြင်းသည်လည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ အဓိကအောင်မြင်မှုသော့ချက်များတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။

၂၀၀၄-၂၀၀၉ အတွက် ချမှတ်ခဲ့သော နိုင်ငံခြားကုန်သွယ်မှုမူဝါဒတွင် ဝန်ဆောင်မှုပို့ကုန်မြှင့်တင်ရေးကောင်စီကို တည်ထောင်ခဲ့ပြီး သွင်းကုန်ဈေးကွက်အတွင်း အဓိကကျသည့်လုပ်ငန်းများအတွက် အခွင့်အလမ်းများရှာဖွေခြင်းနှင့် ဈေးကွက်ဝင်ရောက်ခြင်းအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်ခြင်းတို့ကို စတင်ခဲ့ပါသည်။

အတိုင်ပင်ခံဝန်ဆောင်မှု ပို့ကုန်မြှင့်တင်ရေးအတွက် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ၊ ဈေးကွက်ဝင်ရောက်ခွင့်၊ သွက်လက်တက်ကြွသော ပို့ကုန် သွင်းကုန်မူဝါဒနှင့် ပို့ကုန်သွင်းကုန်ဘဏ်အစီအစဉ်တို့ကို ဆောင်ရွက်ပြီး ဝန်ဆောင်မှုတင်ပို့ရာတွင် အခွန်ကင်းလွတ်ခွင့်ကို ပေးအပ်ခဲ့ပါသည်။

အိန္ဒိယ၏နိုင်ငံခြားကုန်သွယ်မှုမူဝါဒ (၂၀၀၉-၂၀၁၄) အရပို့ကုန်နှင့် ဝန်ဆောင်မှု လုပ်ငန်းများတင်ပို့မှုကို နှစ်ဆပိုမိုတင်ပို့ရန် မျှော်မှန်းထားပြီး ရေရှည်ရည်မှန်း ချက်အနေဖြင့် သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှု အချိုးပါဝင်မှုကို လက်ရှိထက် နှစ်ဆတိုးမြှင့်သွားနိုင်ရန် ရည်မှန်းချက်ချမှတ်ထား ပါသည်။ ယင်းသို့သော ကုန်သွယ်မှုမူဝါဒရည်မှန်းချက်များပြည့်ဝရေးအတွက် အိန္ဒိယအနေဖြင့် ကုန်သွယ်မှုမူဝါဒနှင့်ဆက်စပ်နေသည့် မူဝါဒများဖြစ်သော ငွေကြေးဆိုင်ရာအကျိုးခံစားခွင့်များ ပြင်ဆင်သတ်မှတ်ခြင်း၊ အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းများ ပြင်ဆင်သတ်မှတ်ခြင်း၊ လုပ်ထုံးလုပ်နည်းများအား လုပ်သာကိုင်သာ ဖြစ်စေရန် ဖြေလျှော့ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ၄င်းအပြင် ကုန်သွယ်မှု ဆိုင်ရာ အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေး၊ ကုန်သွယ်မှုတွင် Transaction Cost များ လျှော့ချခြင်းနှင့် သွယ်ဝိုက်အခွန်များ (Indirect Taxes and Levies) ကိုလည်းအပြည့်အဝပြန်လည်ထုတ်ယူ နိုင်ရေးတို့ကိုစီစဉ် ဆောင်ရွက်ပေးသည့် အစီအမံများကိုလည်း ချမှတ်ထားပါသည်။\

(ခ) တရုတ်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒ

တရုတ်နိုင်ငံသည် ၁၉၄၉ ခုနှစ် (နိုင်ငံထူထောင်သည့်နှစ်) မှစ၍ ၁၉၇၈ ခုနှစ် တိုင်အောင် ဗဟိုဦးစီးချုပ်ကိုင်သော စီမံကိန်းစီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ရာ တွင် ထုတ်လုပ်မှုစွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ခြင်းမရှိ ခဲ့သဖြင့် စီးပွားရေးတိုးတက်မှုမှာ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်ပါက

နောက်ကျကျန်နေခဲ့ပါသည်။ ၁၉၈၀ ခုနှစ်အလယ်ပိုင်းကာလများမှစတင်၍ ဈေးကွက်စီးပွားရေးစနစ်သို့ တဖြည်းဖြည်းအသွင်ပြောင်းလာခဲ့ရာ ၁၉၈၇ ခုနှစ်မှစတင်၍ လွတ်လပ်သောစီးပွားရေးမူဝါဒ (open door policy) နှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ (economic reforms) ကို ပြောင်းလဲကျင့်သုံးခဲ့ပါ သည်။ တရုတ်နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးနှင့် ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုတို့သည် မြန်ဆန်သော စီးပွားရေးတိုးတက်မှုကို များစွာအထောက်အကူပြုခဲ့ကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် တရုတ်နိုင်ငံသည် ၂၀၀၂ ခုနှစ်၌ကမ္ဘာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးလက်ခံရရှိသော နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ပါသည်။ ၁၉၉၀ ခုနှစ် နောက်ပိုင်းမှစ၍ဈေးကွက်စီးပွားရေးစနစ်သို့ပြောင်းလဲကျင့်သုံးလာခြင်းနှင့်အတူ ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများ၏အခန်းကဏ္ဍကို တဖြည်းဖြည်းချင်း လမ်းဖွင့်ပေးခဲ့ရာ ၁၉၉၉ ခုနှစ်နောက်ပိုင်းမှစတင်၍ နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများကို Stock Company (သို့မဟုတ်) Joint Stock Company ပုံစံ သို့ပြောင်းလဲခြင်းကို လျင်မြန်စွာတိုးတက်စေခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းများသည် နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများထံသို့ ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများပိုမိုများပြားလာခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းကြောင့် နိုင်ငံခြားအရင်း အနှီးများ (Foreign Capital) နှင့်အတူ ထုတ်လုပ်မှုနည်းပညာ (Technology) များ စီးဝင် လာခြင်းကြောင့် စီမံခန့်ခွဲမှုလုပ်ငန်းများပိုမိုသွက်လက်လာစေခြင်း၊ပြည်တွင်း ကုန်ထုတ် လုပ်ငန်းများအရည်အသွေးတိုးတက်လာစေခြင်းစသည့်အကျိုး ကျေးဇူးများရရှိခဲ့ပါသည်။ ၁၉၉၂ ခုနှစ်အစပိုင်းမှစ၍ ဘက်စုံတံခါးဖွင့်မှုမူဝါဒကိုစတင်ခဲ့ကာ (၁)ဝန်ဆောင်မှုကဏ္ဍတွင် နိုင်ငံခြားအရင်းအနှီးဝင်ရောက်ခွင့် စည်းမျဉ်းဥပဒေများကို ဖြေ

လျှော့ပေးခြင်း (၂) နိုင်ငံခြားဖက်စပ်ကုမ္ပဏီများ၏ တရုတ်ပြည်တွင်း ဈေးကွက်များတွင် ရောင်းချမှုသတ်မှတ်ထားချက်များကို ဖြေလျှော့ပေးခြင်း (၃) တရုတ်နိုင်ငံကုန်းတွင်းပိုင်းနှင့် နယ်စပ်ဒေသများကို တံခါးဖွင့်ပေးခြင်းစသည်တို့ကို လုပ်ဆောင်ခဲ့ပါသည်။ ထိုကဲ့သို့ တရုတ်နိုင်ငံအစိုးရသည် ဈေးကွက်ဖွင့်လှစ်ပေးခြင်းနှင့်အတူ ၁၉၉၄ ခုနှစ်တွင် လယ်ယာကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်နှင့်ဆက်သွယ်ရေးကဏ္ဍများ၊ အခြေခံကုန်ကြမ်းပစ္စည်းများကဏ္ဍ၊ အဆင့်မြင့်နည်းပညာစက်မှုလုပ်ငန်းကဏ္ဍစသည်တို့ကို ဦးစားပေးကဏ္ဍများအဖြစ် သတ်မှတ်ပြီး စက်မှုမူဝါဒများကို ချမှတ်ပေးခဲ့ပါသည်။ ထို့နောက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့်အညီ ဒေသတစ်ခုနှင့်တစ်ခုအကြား ဝင်ငွေကွာဟမှုကိုပမာဏကို ပြင်ဆင်ခြင်း၊ စက်မှုကဏ္ဍဖွဲ့စည်းပုံပြောင်းလဲခြင်း၊ ငွေကြေးဆိုင်ရာ (Monetary Reform) နှင့် ဘတ်ဂျက် (Fiscal Reform) ပြုပြင်ပြောင်းလဲခြင်း၊ အခွန်စနစ်ပြုပြင်ပြောင်းလဲခြင်း (Tax Reform) ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများပြုပြင်ပြောင်းလဲခြင်း (State Owned Enterprises Refrom) စသည့်ပြုပြင်ပြောင်းလဲမှုများကိုလည်း လုပ်ဆောင်ခဲ့ပါသည်။

၁၉၉၄ ခုနှစ်တွင် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းထားစနစ်ကို ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ တရုတ်ယွမ်၏ လဲလှယ်နှုန်းထားအမျိုးမျိုး ရှိနေခြင်းကို ဖျက်သိမ်းပြီး Controlled Floating System စနစ်တစ်ခုတည်းသို့ ပြောင်းလဲစေခဲ့သည်။ ဤစနစ်ပြောင်းလဲမှုကြောင့် တရုတ်နိုင်ငံ၏ ဘဏ်စနစ်များအပါအဝင် စီးပွားရေးတိုးတက်ပြောင်းလဲမှုကို များစွာအကျိုးသက်ရောက်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်အကုန်ပိုင်းတွင် International Monetary Fund (IMF) အပိုဒ် ၈ ကို ကျင့်သုံးသောနိုင်ငံအဖြစ်သို့ ပြောင်းလဲခဲ့ပြီး နိုင်ငံခြားငွေကြေးစနစ်၏ကြီးမားသောပြောင်းလဲမှုတစ်ခုဖြစ်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ်တွင် အာရှငွေကြေးပြဿနာ

(Asia's Money Crisis) ရင်ဆိုင်ရချိန်တွင် တရုတ်အစိုးရသည် တရုတ်ယွမ်ငွေ လဲလှယ်နှုန်းကို တည်ငြိမ်အောင်ထိန်းသိမ်းနိုင်ခဲ့သည်။

တရုတ်နိုင်ငံသည် ၂၀၀၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၁) ရက်နေ့မှစတင်၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (The World Trade Organization-WTO) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့သည်။ ထိုကဲ့သို့ WTO အဖွဲ့ဝင်နိုင်ငံဖြစ်လာရခြင်း၏ အကျိုးဆက်အနေဖြင့် ကုန်သွယ်ရေးဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ အသစ်ပြဋ္ဌာန်းခြင်းနှင့် လက်ရှိကျင့်သုံးလျက်ရှိသော ဥပဒေစည်းမျဉ်းစည်းကမ်းများ ပြန်လည်ပြင်ဆင်ခြင်းတို့ကိုအလေးပေးဆောင်ရွက်ခဲ့သကဲ့သို့ တစ်ဖက်တွင်လည်း ပြည်တွင်းစီးပွားရေးနှင့် ပြည်ပစီးပွားရေးနှစ်ဖက်စလုံးကို ပိုမိချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပါသည်။အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးတွင်အဓိက ဥပဒေတစ်ရပ်ဖြစ်သည့် ပြည်ပကုန်သွယ်ရေးဥပဒေ (Foreign Trade Law) ကို ၂၀၀၄ ခုနှစ်တွင်ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပါသည်။အခြားသော ကုန်သွယ်ရေးဆိုင်ရာဥပဒေများ၊စည်းမျဉ်းစည်းကမ်းများ၊စံချိန်စံညွှန်းဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ၊ Anti-dumping နှင့်လုပ်ငန်းဆောင်ရွက်မှု လုံခြုံစိတ်ချရမှုရှိရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် Intellectual Property Right တို့ကိုလည်းလုပ်ဆောင်ခဲ့ပါသည်။ထို့အပြင်ထွင်းဖောက်မြင်သာမှု(transparency)ကို မြှင့်တင်နိုင်ရန် Administrative Permission Law ကိုလည်း ပြဋ္ဌာန်းခဲ့ပါသည်။

တရုတ်နိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်အားလုံးနှင့် ပတ်သက်သောမူဝါဒများရေးဆွဲခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ တရုတ်နိုင်ငံသည် ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးနှင့် ပြည်ပရင်းနှီး

မြှုပ်နှံမှုဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် မူဝါဒများရေးဆွဲခြင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးမူဝါဒများအတွက် ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်များ တပြေးညီဖြစ်စေခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးဥပဒေများသည် နိုင်ငံစုံကုန်သွယ်ရေးသဘောတူညီချက်များနှင့်လည်းကောင်း၊ နှစ်နိုင်ငံကုန်သွယ်ရေးသဘောတူညီချက်များနှင့်လည်းကောင်း အံဝင်ခွင်ကျဖြစ်စေခဲ့ပါသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုလျင်မြန်ရခြင်းမှာ ၁၉၈၇ ခုနှစ်စ၍ လွတ်လပ်သောစီးပွားရေးမူဝါဒ (Open Door Policy) စတင်ကျင့်သုံးခဲ့ပြီး လိုအပ်သော စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)အများဆုံးလက်ခံရရှိသည့် နိုင်ငံဖြစ်လာခြင်း၊ လုပ်အားစူးစိုက်သုံး ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ (Labor Intensive export oriented industries) လျင်မြန်စွာဖွံ့ဖြိုးလာခြင်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး စသည်တို့ကို ပြောင်းလဲနေသော စီးပွားရေးလုပ်ဆောင်မှုများနှင့် ကိုက်ညီစေရန်လည်းကောင်း၊တိုးတက်မှုကို အထောက်အပံ့ဖြစ်စေရန် လည်းကောင်း၊အပြည်ပြည်ဆိုင်ရာဥပဒေများ၊သဘောတူညီချက်များနှင့် ကိုက်ညီစေရန် အစဉ်ကြပ်မတ်ဆောင်ရွက်နေခြင်း၊၂၀၀၁ ခုနှစ်တွင်WTOအဖွဲ့ဝင်ဖြစ်လာ ခြင်းနှင့် အတူအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် အထူးသက်သာခွင့်များ ခံစားရခြင်း စသည့်အချက်များကြောင့်တရုတ်နိုင်ငံ၏ပို့ကုန်များ (အထူးသဖြင့်လုပ်သားစူးစိုက်သုံး အထည်အလိပ်လုပ်ငန်းပို့ကုန်များ) အထူးတိုးတက်လာခဲ့ပါသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ၁၉၈၀ ခုနှစ်တွင် အထူးစီးပွားရေးဇုန်ကြီး (၄) ခုကို တည်ဆောက်ကာအဆိုပါစီးပွားရေးဇုန်များတွင် အခွန်အကောက်ကိစ္စရပ် များနှင့် လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များအတွက် အထူးအခွင့်အရေးများ ပေးအပ်ခဲ့

ပါသည်။ တရုတ်နိုင်ငံ၏လျင်မြန်သောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပို့ကုန်ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးမှုပုံစံ (Exporter Led economic growth model) ကို ဖော်ဆောင်နိုင်ခဲ့၍ဖြစ်ပါသည်။

(ဂ) မလေးရှား **(Malaysia)** နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒ

မလေးရှားနိုင်ငံသည် ၁၉၅၆ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၆၈ ခုနှစ်အထိ သွင်းကုန်အစားထိုးပေါ်လစီကို ကျင့်သုံးခဲ့သည့်အလျောက် ပြည်တွင်းလုပ်ငန်းများအတွက်ပြည်ပမှသွင်းကုန်များဝင်ရောက်လာစေရန်မြင့်မားသည့် အကောက်ခွန်အတားအဆီးများ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၉ ခုနှစ်မှစ၍ ၁၉၈၀ ခုနှစ်အထိ ပို့ကုန်ဦးစားပေးလုပ်ငန်းပေါ်လစီကို ပို့ကုန်လုပ်ငန်းများ အတွက် အခွန်အကောက်သက်သာခွင့်များ ဆောင်ရွက်ပေးခဲ့ပါသည်။ ပို့ကုန် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်စေရန်အတွက် လွတ်လပ်သော ကုန်သွယ်ရေးဇုန်များ (Free Trade Zone)ထူထောင်ပေးခြင်းပင်ဖြစ်ပါသည်။ထို့အတွက် ပို့ကုန်များ ထုတ်လုပ်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက် ရင်းနှီးမြှုပ်နှံမှုပြုရန် ဆွဲဆောင်မှုများပေးနိုင်ခဲ့၍ ပို့ကုန်များ သိသိသာသာ တိုးမြင့်လာခဲ့ပေသည်။ ၁၉၈၀ ခုနှစ်နှင့် ၁၉၈၅ ခုနှစ်အတွင်း ပို့ကုန် ရည်မှန်းချက်များ ဖြည့်စွမ်းနိုင်ရန်အတွက် အကြီးစားစက်မှုထူထောင်ရေး ဗျူဟာ (Heavy Industrialization Strategy)ကိုချမှတ်ဆောင်ရွက်ခဲ့ပါသည်။၁၉၈၅ ခုနှစ်နောက်ပိုင်းပို့ကုန်လုပ်ငန်းများစဉ်ဆက်မပြတ်တိုးတက်ရေးအတွက် သဘာဝသွင်းအားစုအခြေခံစက်မှုလုပ်ငန်း (resource based Industries) နှင့် နည်းပညာအပေါ်အခြေခံသည့်စက်မှုလုပ်ငန်း (Technology based Industries) တိုးတက်စေရန် ဆောင်ရွက်ခဲ့ပါသည်။

(ဃ) ထိုင်း **(Thailand)** နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒ

ထိုင်းနိုင်ငံအနေဖြင့် ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း နိုင်ငံတော်မှ ဦးဆောင်သည့် စက်မှုထူထောင်ရေးဗျူဟာ (State Led Industrialization Strategy) စတင်ခဲ့ပြီး ၁၉၆၃ ခုနှစ်မှ ၁၉၇၂ ခုနှစ်အတွင်း ပို့ကုန်မြှင့်တင်ရေးမူဝါဒ (Export Promotion Policy) ကျင့်သုံးခဲ့ပါသည်။ ကုန်သွယ်ရေးပေါ်လစီလက်နက်များဖြစ်သည့် ပို့ကုန်လုပ်ငန်းများအတွက် အကောက်ခွန်နှုန်းထားနှင့် ပြည်တွင်းအခွန်နှုန်းထားများ လျှော့ပေါ့ပေးခြင်းကို ဆောင်ရွက်ပေးခြင်းဖြင့် ပို့ကုန်နှင့်ဆက်စပ်သော စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် ပို့ကုန်မြှင့်တင်ရေးနည်းဗျူဟာကို ကျင့်သုံးခဲ့ပြီး ပို့ကုန်နှင့်ဆိုင်သော စက်မှုလုပ်ငန်းမြှင့်တင်ရေးဥပဒေ (၁၉၇၂) ပြဋ္ဌာန်းခြင်း၊ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ (Board of Investment) ဖွဲ့စည်းခြင်း၊ ပို့ကုန်လုပ်ငန်းများအတွက်အကောက်ခွန်ကင်းလွတ်ခွင့်ပေးခြင်း၊ လုပ်ငန်းခွင် ရောင်းခွန်များပြန်လည်ထုတ်ပေးခြင်း၊ ကုမ္ပဏီဝင်ငွေခွန်များလျှော့ပေါ့ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ပါသည်။ထိုင်းနိုင်ငံအနေဖြင့်ပို့ကုန်လုပ်ငန်းစဉ်ဆက်မပြတ်တိုးတက်စေရန်အတွက် ဘတ်ငွေတန်ဖိုးကို တန်ဖိုးလျှော့ချခြင်း (Devaluation of Baht) တို့ကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

အာရှနိုင်ငံများ၏အတွေ့အကြုံအရ ပို့ကုန်တိုးတက်မှုနှင့် စီးပွားရေးတိုးတက်မှုဆက်စပ်မှုအားကောင်းကြောင်း သုံးသပ်တွေ့ရှိရပါသည်။ (ပုံချပ်-၁)

(ပုံချပ်-၁)



ဇစ်မြစ်။ **(GIRIJA NIMGAONKAR), "Export Led Growth in South East Asia", Cambridge University Press, 2009.**

၅။ မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ကုန်သွယ်ရေးမူဝါဒ

မြန်မာနိုင်ငံ၏ကုန်သွယ်ရေးမူဝါဒသည်အောက်ပါအခြေခံ(၂)ချက်ဖြင့်လွှမ်းခြုံထားပါသည်-

(က) ကုန်သွယ်ရေးရည်မှန်းချက် **(၄)** ရပ်

(၁) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကုန်သွယ်ရေးမူဝါဒများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်

(၂) ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ပြည်တွင်းမှထုတ်လုပ်သောထုတ်ကုန် အမျိုးမျိုး တိုးမြှင့်တင်ပို့ရန်

(၃) ပင်လယ်ရေကြောင်း ကုန်သွယ်မှုသာမက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်

(၄) ပို့ကုန်သွင်းကုန်များ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ပံ့ပိုးကူညီ ရန်

(ခ) ကုန်သွယ်ရေးအခြေခံစည်းမျဉ်းများ

(၁) ကုန်သွယ်မှုလုပ်ငန်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုရန်

(၂) ကုန်သွယ်မှုလုပ်ငန်းများသည် ပြည်သူများအပေါ် ဖိစီးမှုမဖြစ်စေရန်

(၃)ကုန်သွယ်မှုလုပ်ငန်းများကို အမြတ်အစွန်းရရှိမှုကို အဓိကမထားဘဲ ရေရှည်တည်တံ့ခိုင်မြဲမှု ဦးတည်ချက်ဖြင့် ရှေးရှုဆောင်ရွက်ရန်

(ဂ) ကုန်သွယ်ရေးအခြေခံမှု

မြန်မာနိုင်ငံ၏ ပို့ကုန်ဆိုင်ရာအခြေခံမှုသည် မိမိ၏သဘာဝသယံဇာတနှင့် လူ့အရင်းအမြစ်ကို အကျိုးရှိစွာအသုံးချလျှက် ပြည်ပဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန်နှင့်သမရိုးကျပို့ကုန်ပစ္စည်းများအပြင်တန်ဖိုးမြှင့်ကုန်ချောပစ္စည်း များကို တိုးချဲ့တင်ပို့ရေး ကြိုးပမ်းရန်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သွင်းကုန်ဆိုင်ရာအခြေခံမှုသည် နိုင်ငံတော်အတွက် အဓိကလိုအပ်သော ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ၊ အခြားအရေးကြီးကုန်ပစ္စည်းများနှင့် ပြည်သူ့ကျန်းမာရေးအထောက်အကူပြုပစ္စည်း များ ပြည်ပပို့ကုန်တိုးမြှင့်ရေး အထောက်အကူပြုကုန်ပစ္စည်းများကို ဦးစားပေး တင်သွင်းရန်နှင့် ပြည်ပသွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းများကို အားပေးရန် ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံ၏ ကုန်သွယ်မှု

မြန်မာနိုင်ငံ၏ကုန်သွယ်ရေးသည် ပြီးခဲ့သည့် စီးပွားရေးစနစ် (၂)ခုအကြား များစွာ ခြားနားခဲ့ပါသည်။ဗဟိုစီမံကိန်းချစီးပွားရေးစနစ်တွင် နှစ်အလိုက် ပို့ကုန်တန်ဘိုး အများဆုံးသည် ၁၉၈၁-၈၂ ဘဏ္ဍာနှစ်ဖြစ်ပြီးတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာသန်းပေါင်း (၄၆၀) ကျော်ရှိခဲ့ပြီး သွင်းကုန်တန်ဖိုးအများဆုံးမှာ ၁၉၈၂-၁၉၈၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ (၄၀၀) ကျော် ရှိခဲ့ပါသည်။ ကုန်သွယ်မှုတန်ဖိုးအများဆုံးနှစ်တွင်ဒေါ်လာသန်း (၈၃၅)ဝန်းကျင်ကုန်သွယ်ခဲ့ပြီး ဒေါ်လာသန်း (၁၀၀၀) ထက် လျော့နည်းခဲ့ပါသည်။ အဓိကအကြောင်းရင်းမှာ Inward Looking Policy ကျင့်သုံးခဲ့သောကြောင့် ကုန်သွယ်ရေးကဏ္ဍ၏ အရေးပါမှုနည်းခဲ့ သောကြောင့်ဖြစ်ပါသည်။

ဈေးကွက်စီးပွားရေးစနစ် စတင်ကျင့်သုံးခဲ့သည့် ၁၉၈၈ ခုနှစ်နောက်ပိုင်း ကုန်သွယ်ရေးကဏ္ဍ သိသိသာသာတိုးတက်ခဲ့ပါသည်။ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေခြင်း၊ ဗဟိုထိန်းချုပ်မှုများလျှော့ချခြင်း စသည်တို့ကြောင့် ကုန်သွယ်ရေးကဏ္ဍ သိသိသာသာ တိုးတက်ခဲ့ပါသည်။ ပို့ကုန်ရောသွင်းကုန်ပါ တိုးတက်လာခဲ့ပြီး ကုန်သွယ်မှုတန်ဖိုးသည် ဈေးကွက်စီးပွားရေးစနစ် စတင်သည့်ကာလဖြစ်သည့် ၁၉၈၉-၉၀ ခုနှစ်တွင် ဒေါ်လာသန်း (၈၇၀) ဝန်းကျင်မှ ယခုအခါ ၂၀၁၀-၁၁ ဒေါ်လာ (၁၅) ဘီလီယံကျော်ဖြစ်လာခဲ့သောကြောင့် အဆ (၂၀) နီးပါး တိုးတက်ခဲ့ပါသည်။ ထို့အတူ ပို့ကုန်တန်ဖိုး ဒေါ်လာသန်း (၄၀၀) ဝန်းကျင်မှ ၂၀၁၀-၁၁ ခုနှစ်တွင် ဒေါ်လာ ၈ ဘီလီယံကျော်ဖြစ်လာ၍ အဆ (၂၀)ကျော် တိုးတက်ခဲ့ပေသည်။ (ပုံချပ် - ၂)

(ပုံချပ်-၂)



ဇစ်မြစ်။ Source: IMF , International Financial Statistics (1952, 1956, 1960, 1966);
World Bank , World Data Series (1995) , base year - 1980)
* Ministry of Commerce & CSO, Myanmar (at offical of exchange)

(က) ပို့ကုန်ကုန်စည်ပုံသဏ္ဍာန်ပြောင်းလဲမှု **(Change in Commodity Trade Patterns)**

ယခင်စီးပွားရေးစနစ်နှင့် ယခုစီးပွားရေးစနစ် (၂) ခုအကြား ကုန်သွယ်မှုပြု သည့် ကုန်စည်အုပ်စုပုံစံပြောင်းလဲမှုများရှိခဲ့ပါသည်။တိုင်းပြည်အနေဖြင့် ကုန်သွယ်မှု

ပြနေသော ပို့ကုန်သွင်းကုန်ပုံသဏ္ဍာန် (Patterns) များကို ကြည့် ခြင်းအားဖြင့် တိုင်းပြည်၏စီးပွားရေးအခြေအနေကိုယေဘုယျသိရှိနိုင်ပါသည်။ ဗဟိုစီမံကိန်းချစီးပွားရေးစနစ်တွင်အဓိကပို့ကုန်များတွင်လယ်ယာကုန်စည်များသည်အရေးပါဆုံးဖြစ်ပြီး အစပိုင်းတွင် စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၈၀% ကျော် အထိပါဝင်ပြီး သစ်တောပို့ကုန်သည်ဒုတိယအများဆုံးနှင့် သတ္တုတွင်းထွက်ပစ္စည်း တတိယအများဆုံးဖြစ်ခဲ့ပါသည်။သို့သော်လယ်ယာပို့ကုန်များ၏အရေးပါမှု တဖြေးဖြေးကျဆင်းလာပြီး ၁၉၉၀-၉၁ ခုနှစ်တွင် သစ်တော ပို့ကုန်သည် အများဆုံးဖြစ်ကာ လယ်ယာပို့ကုန်နှင့် အခြား (အသင့်ချုပ်ပြီး အထည်)တို့ အရေးပါကြောင်း တွေ့ရပါသည်။ (ပုံချပ်-၃)

(ပုံချပ် - ၃)



ယခင်ဗဟိုစီမံကိန်းချစီးပွားရေးစနစ်တွင် လယ်ယာပို့ကုန်များသည် အရေးပါဆုံးဖြစ်ခဲ့သော်လည်း၊ ဈေးကွက်စီးပွားရေးစနစ်တွင်မှ အခြားသော ပို့ကုန်သစ်များ ပေါ်ထွက်လာကြောင်း တွေ့ရပေသည်။ ၂၀၀၀ ခုနှစ်မှစ၍ စက်မှုလုပ်ငန်းအုပ်စုပို့ကုန်များဖြစ်သည့် သဘာဝဓါတ်ငွေ့ပို့ကုန်နှင့် ချုပ်ပြီး အထည်ပို့ကုန်များသည် စုစုပေါင်းပို့ကုန်တွင် အရေးပါဆုံးဖြစ်ပြီး ၎င်းနောက်

တွင် လယ်ယာပို့ကုန်၊ သစ်တောပို့ကုန်တို့မှာ အသီးသီးအရေးပါခဲ့ပါသည်။ သို့သော် ယခုနှစ် ၂၀၁၀-၁၁ ခုနှစ်တွင်မူ၊ စက်မှုကုန်စည်အုပ်စုပြီးလျှင် သတ္တုတွင်းထွက်ပစ္စည်းများ အရေးပါမှုမြင့်တက်လာပြီး လယ်ယာပို့ကုန်ပစ္စည်းများ အရေးပါမှုမှာ တတိယနေရာဖြစ်လာခဲ့ပါသည်။

စီးပွားရေးစနစ်(၂)ခုအကြား ပို့ကုန်အုပ်စုများအလိုက် တင်ပို့မှုကိုကြည့်လျှင် ယခင်စနစ်အောက်တွင် လယ်ယာကုန်စည်များ တင်ပို့မှုသည် တောက်လျှောက် အရေးပါဆုံးဖြစ်ခဲ့ပြီး ပြောင်းလဲမှုမရှိကြောင်း တွေ့ရပေသည်။ ဈေးကွက်စီးပွားရေးစနစ်အောက်တွင်မူ ပို့ကုန်အသစ်အဆန်းများ ပေါ်ပေါက်လာခြင်းကြောင့် လယ်ယာပို့ကုန်အရေးပါမှု ကျဆင်းခဲ့ကာ စက်မှုအုပ်စုဝင်ဖြစ်သည့် သဘာဝဓါတ်ငွေ့ပို့ကုန်နှင့် ချုပ်ပြီးအထည်တို့ အရေးပါလာသကဲ့သို့ ယခုနှစ်တွင် သတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှုမှာ ပိုမိုအရေးပါလာသောကြောင့် ပို့ကုန်ပစ္စည်းပုံသဏ္ဍာန် (Pattern of Export) ပြောင်းလဲမှုရှိလာခဲ့ပါသည်။ သို့သော် လယ်ယာထွက်ကုန်များ အဓိကတင်ပို့ရာမှ သဘာဝတွင်းထွက်ကို အခြေခံသောပို့ကုန်များ (Natural resource based exports) ကိုသာ ပြောင်းလဲနိုင်ခဲ့ပြီး၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာမှုမှတဆင့် ဖြစ်ပေါ်လာသည့် စက်မှုပစ္စည်းများ ပို့ကုန်တင်ပို့မှု ထွန်းကားလာခြင်း မရှိသေးကြောင်း တွေ့ရပေသည်။ (ပုံချပ် -၄)

(ပုံချပ် -၄)



တစ်ဖက်တွင်လည်း သွင်းကုန်ပစ္စည်းအမျိုးအစားတွင်မူ စက်မှုပစ္စည်းများ၊ ရင်းနှီးကုန်ပစ္စည်းများကိုသာ အဓိကတင်သွင်းခဲ့ပြီး ယခုအထိသိသာသော ပြောင်းလဲမှုမရှိသေးကြောင်း တွေ့ရပေသည်။

(ခ) ပို့ကုန်ဈေးကွက်ပြောင်းလဲမှုအခြေအနေ

ပို့ကုန်များတင်ပို့သည့် ဈေးကွက်ပြောင်းလဲမှုအခြေအနေသည်လည်း ယေဘုယျအားဖြင့် တိုင်းပြည်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ထင်ဟပ်နိုင်ပေသည်။ မြန်မာနိုင်ငံ၏ ပို့ကုန်ဈေးကွက်များ ပြောင်းလဲမှုအခြေအနေကိုကြည့်လျှင် ဗဟိုစီမံကိန်းချစနစ်အောက်တွင် အာရှနိုင်ငံများသို့ အဓိကတင်ပို့ခဲ့ပြီး ဥရောပနှင့် အမေရိကနိုင်ငံများအပြင် အခြားနိုင်ငံများပါ အသီးသီး တင်ပို့နိုင်ခဲ့ပါသည်။ သို့သော် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးခဲ့သည့် အစောပိုင်းကာလများတွင် အာဆီယံနိုင်ငံများ၊ အခြားအာရှနိုင်ငံများ၊ ဥရောပနှင့် အမေရိကနိုင်ငံများအပြင် အခြားနိုင်ငံများသို့ တင်ပို့မှုရှိခဲ့သော်လည်း တဖြေးဖြေး ဥရောပနှင့် အမေရိကနိုင်ငံများ၊ အခြားနိုင်ငံများသို့တင်ပို့မှု လျော့နည်းကျဆင်းလာမှုရှိခဲ့ပါသည်။ တစ်ဘက်တွင်လည်း အာဆီယံနှင့်အာရှနိုင်ငံများသို့ တင်ပို့မှုသိသိသာသာများလာသည့်အတွက် မြန်မာ့ပို့ကုန်တင်ပို့မှုသည် ဒေသတွင်းနိုင်ငံများသို့သာ အခြေပြုနေကြောင်း တွေ့ရပါသည်။ (ပုံချပ် -၅)

(ပုံချပ် -၅)



ဥရောပနှင့် အမေရိကနိုင်ငံဈေးကွက်များလျော့နည်းရသည့် အဓိက အကြောင်းရင်းမှာ ၁၉၉၇ ခုနှစ်မှစပြီး မြန်မာနိုင်ငံအပေါ် အနောက်အုပ်စုမှ စီးပွားရေးပိတ်ဆို့မှုများ လုပ်ဆောင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ (ပုံချပ်-၆)

(ပုံချပ်-၆)



၇။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်သင့်သည့်ကုန်သွယ်ရေးမူဝါဒ

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်အတွက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် ပြည်ပကုန်သွယ်ရေးကဏ္ဍသည် အဓိကအရေးပါပါသည်။ မြန်မာနိုင်ငံ သည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သည့်အတွက် အဓိကပို့ကုန်များမှာ စိုက်ပျိုးရေး အ ခြေခံနှင့် သဘာဝအရင်းအမြစ်အခြေခံပို့ကုန်များကိုသာ တင်ပို့နေရဆဲဖြစ်ပါသည်။ သို့ဖြစ် ၍ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်ရေးတွင် ကုန်စည်တင်ပို့သောပုံစံ (patterns of trade) သိသာသောပြောင်းလဲမှုမရှိသေးခြင်း၊ ကုန်ဖလှယ်မှုနှုန်း (terms of trade) အခွင့်မသာ သောအခြေအနေရှိနေသေးခြင်း၊ ဒေသဆိုင်ရာဈေးကွက်ကိုသာ အဓိကမှီခိုနေရသေးခြင်း စသည့်အားနည်းချက်များကို ဖြေရှင်းနိုင်မှသာ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင် မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးမှုလမ်းစဉ်ကိုလည်း လယ်ယာစိုက်ပျိုးရေးနိုင်ငံမှ စက်မှုလက်မှုနိုင်ငံသို့ တည်ထောင်သွားရန် ရည်မှန်းထားသောကြောင့် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပို့ကုန်မြှင့်တင်ရေးပေါ်လစီမှတဆင့် စတင်သင့်ပါသည်။ ကုန်သွယ်ရေး ပေါ်လစီသည် တိုင်းပြည်ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစု ခွဲဝေမှု၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးအခြေအနေ၊ စက်မှုဖွံ့ဖြိုးမှု၊ အလုပ်အကိုင်ရရှိမှု စသည်တို့နှင့် တိုက်ရိုက်ဆက်စပ်နေပြီး အပြန်အလှန်အားပေးလျက်ရှိပါသည်။ လက်ရှိကျင့်သုံး နေသည့် ပို့ကုန်မြှင့်တင်ရေးပေါ်လစီကို အထူးအရှိန်အဟုန်မြှင့် အားပေးဆောင်ရွက်ရန်လိုအပ် လာမည်ဖြစ်ပါသည်။ အခြေခံအားဖြင့် လက်ရှိတင်ပို့နေသော ကုန်စည်များနှင့် ဈေးကွက်များ ဆက်လက်ထိန်းသိမ်းနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်သလို ပို့ကုန်အမယ်အရာသစ်များ ပေါ်ထွန်း လာရေးနှင့် ပို့ကုန်ဈေးကွက်သစ်များ ထိုးဖောက်နိုင်ရေးကို ဦးစားပေး ဆောင်ရွက်ရမည် ဖြစ်သည်။ ပို၍ အရေးကြီးသည်မှာ လက်ရှိတင်ပို့နေသော ဈေးနှုန်းချိုသာသည့် လယ်ယာ အခြေခံပို့ကုန်များနှင့် သဘာဝသွင်းအားစုအခြေခံပို့ကုန်များကို တန်ဖိုးမြှင့်ပို့ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်တင်ပို့နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အတူ ပေါများစွာတည်ရှိ နေသည့် လုပ်သားအင်အားကို အထိရောက်ဆုံးအသုံးပြုနိုင်သည့် လုပ်အားစူးစိုက်သုံး ပို့ကုန်

ဦးစားပေးစက်မှုလုပ်ငန်းများ ပေါ်ထွန်းရေးအတွက် တွန်းအားပေးဆောင်ရွက်ရမည့်အချိန် ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်နိုင်မှသာ ဖော်ပြခဲ့သည့် အာရှနိုင်ငံများလုပ်ဆောင်ခဲ့သည့် ပို့ကုန်ဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ (Export-oriented economic growth model) ကို ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ အခြားနိုင်ငံများကဲ့သို့ အောင်မြင်စွာ ဆောင်ရွက် နိုင်ရန် ထိရောက်သောတွန်းအားများ၊ ဆွဲဆောင်မှုရှိသောမက်လုံးများ အထူးလိုအပ်နေပြီဖြစ်ပါ သည်။ ပို့ကုန်မြှင့်တင်ရေးပေါ်လစီကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် အောက်ပါအချက်များ ပြည့်စုံရန်အထူးလိုအပ်ပါသည်-

(က) ပို့ကုန်မြှင့်တင်ရေးပေါ်လစီလုပ်ဆောင်နိုင်ရန် အဓိကလိုအပ်ချက်မှာ တိုင်းပြည်အဆင့် စီးပွားရေးတည်ငြိမ်မှု (macroeconomic stability) ရှိရန် လိုအပ်ပါသည်။ ၎င်းတွင် ဘတ်ဂျက်သုံးစွဲမှု၌ လိုငွေဘတ်ဂျက် ဆက်တိုက်ဖြစ်ပေါ်နေခြင်းထက် ဘက်ညီဘတ်ဂျတ်ဖြစ်ပေါ်ရန်အတွက် လည်းကောင်း၊ ပြည်တွင်း/ပြည်ပကြွေးမြီမများစေရန်အတွက် လည်းကောင်း၊ ဂဏန်း (၂) လုံးငွေဖောင်းပွမှု (double digit inflation) မဖြစ်ပေါ်စေရန်အတွက်လည်းကောင်း၊ ဈေးနှုန်းအမှန်ထင်ဟပ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်း ဖြစ်ပေါ်စေရန်နှင့် အထူးသဖြင့် ပို့ကုန်မြှင့်တင်ရေးအတွက် over-valued Exchange Rate မဖြစ်ပေါ်ရန်အတွက်လည်းကောင်း ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးမူဝါဒများဖြင့် ထိန်းသိမ်းရန်လိုအပ်ပါသည်။ တစ်ဆက်တည်းမှာပင် ပို့ကုန်မြှင့်တင်ရေး ထိရောက်စေရန်အတွက် ပြည်တွင်းသုံးငွေကြေး တန်ဖိုးတက်မှုတို့လည်း ထိန်းသိမ်းရမည်ဖြစ်ပြီး လိုအပ်ပါက ငွေတန်ဖိုးလျှော့ချခြင်းကိုလည်း လုပ်ဆောင်ရမည်ဖြစ်ပါသည်။ ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ (Export Oriented Industries) မဖြစ်မနေ ထူထောင်ခြင်း၊ တိုးမြှင့်ထုတ်လုပ်လိုသည့်ကဏ္ဍ ရွေးချယ်သတ်မှတ်ခြင်း၊ တိုးမြှင့်

ထုတ်လုပ်လိုသည့် ကုန်စည်ရွေးချယ်သတ်မှတ်ခြင်းနှင့် ယင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလာစေရေးအတွက် မက်လုံးပေးမည့် အစီအစဉ်များရေးဆွဲချမှတ်ခြင်း၊ သတ်မှတ်ကာလဖြင့် စီမံကိန်းများရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း စသည်တို့ကိုဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ အထူးသဖြင့် အခွန်အကောက်သက်သာခွင့် (သို့မဟုတ်) ကင်းလွတ်ခွင့်ပေးခြင်း၊ ဘဏ်ချေးငွေပေးခြင်း၊ ထောက်ပံ့ကြေးပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် အစိုးရမှ အာမခံပေးခြင်းတို့ အများဆုံးလုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ (Export Oriented Industries) ထွန်းကားလာရေးအတွက်အခြားအာရှနိုင်ငံများ၏အတွေ့အကြုံအရမှုပို့ကုန်နှင့် ဆက်သွယ်နေသောလုပ်ငန်းများ လုပ်ဆောင်စေရန် ဆွဲဆောင်မှုများ၊ မက်လုံး များပေး၍ဆောင်ရွက်လေ့ရှိပါသည်။ အထူးသဖြင့် အခွန်အကောက်သက်သာ ခွင့် (သို့မဟုတ်)ကင်းလွတ်ခွင့်ပေးအပ်ခြင်း၊ ဘဏ်ချေးငွေပေးအပ်ခြင်း၊ထောက်ပံ့ကြေးပေးအပ်ခြင်းတို့ အများဆုံးလုပ်ဆောင်လေ့ရှိပါသည်။ ဥပမာအားဖြင့် ၁၉၇၀ ခုနှစ်ဝန်းကျင် စင်္ကာပူနိုင်ငံအနေဖြင့် ပို့ကုန်ဦးစားပေး စက်မှု လုပ်ငန်းများထွန်းကားစေရေးအတွက်လုပ်ငန်းများအပေါ် ကောက်ခံသည့် ကုမ္ပဏီအမြတ်ခွန် (corporate tax) ကို လက်ရှိကောက်ခံသည့် နှုန်းထား ၃၀ % အစား ပို့ကုန်လုပ်ငန်းများအား ၃% သာ ကောက်ခံခဲ့သောကြောင့် အခွန် နှုန်းထားကို ၁၀ ပုံ ၁ ပုံအထိ သိသိသာသာလျှော့ချခဲ့ကြောင်း တွေ့ရပေသည်။ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သည့်အပိုင်းပါဝင်နေသဖြင့်နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ စီးဝင်လာစေရေးအတွက် တိုင်းပြည်အဆင့်စီးပွားရေးတည်ငြိမ်မှု (macroeconomic stability) ရှိရမည့်အပြင်

ပွင့်လင်းမြင်သာသည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ဖန်တီးတည်ဆောက်ပေးပြီး၊ သက်သာသော မြေငှားရမ်းခ (Lower fees on land use) နှင့် အချိန်ကာလသတ်မှတ်ချက်ဖြင့် အခွန်ကင်းလွတ်ခွင့် (tax holidays) ပေးအပ်သွားရမည်ဖြစ်ပါသည်။ ထို့အပြင် အထူးစီးပွားရေးဇုံများ (Special Economic Zones) နှင့် လွပ်လပ်သောကုန်သွယ်ရေးဇုံများ (Free Trade Zone) ထူထောင်ပေးခြင်းတို့ကို လုပ်ဆောင်သွားရမည်ဖြစ်ပါသည်။ ထို့နောက် ကုန်သွယ်ရေးလုပ်ငန်းများ အောင်မြင်ရန် ဘဏ္ဍာငွေကြေးပံ့ပိုးခြင်း (financing) အပိုင်းတွင်လည်း ပို့ကုန်တင်ပို့သူများအတွက် ပို့ကုန်ပစ္စည်းများသင်္ဘောမတင်မီ ထုတ်ချေးငွေ (Preshipment Loans)၊ ပို့ကုန်အာမခံချေးငွေ (Export guarantee loans)၊ ပို့ကုန်ထောက်ပံ့ကြေး (Export subsidy) စသည်တို့ လိုအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပို့ကုန်မြှင့်တင်ရေး အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းများကို အထောက်အပံ့ပြုသည့် ပို့ကုန်သွင်းကုန်ဘဏ်စနစ်တစ်ရပ် လိုအပ်နေပြီဖြစ်ပါသည်။

ပို့ကုန်မြှင့်တင်ရေးနှင့်ပတ်သက်သော လုပ်ငန်းများအောင်မြင်စေရန်အတွက် အထူးလိုအပ်ချက်တစ်ရပ်မှာ စီးပွားရေးနှင့်ကုန်သွယ်မှု အတတ်ပညာကျွမ်းကျင်နားလည်သည့် လူ့စွမ်းအားအရင်းအမြစ်ရရှိရေးပင် ဖြစ်ပါသည်။ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာဈေးကွက်သတင်းနှင့်အချက်အလက်များ၊ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်များ၊ ပို့ကုန်ပစ္စည်းဒီဇိုင်းဆိုင်ရာ ဆန်းသစ်တီထွင်မှုများ စသည်တို့ အထူးလိုအပ်သောကြောင့် နိုင်ငံတကာအဆင့်မီသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများ ထူထောင်ရေးနှင့် နည်းပညာပြန့်ပွားတိုးတက်ရေးတို့ ဆောင်ရွက်ရန်လိုအပ်ပါသည်။ တစ်ဘက်တွင်လည်း စီးပွားရေးနှင့် ကုန်သွယ်မှု

လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အပေါ်ထပ်အဆောက်အဦဖြစ်သည့် ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များဖြစ်သော လမ်း၊ တံတား၊ ပင်လယ်ကူး သင်္ဘောဆိပ်၊ ကွန်တိန်နာ၊ လေယာဉ်ကွင်း၊ ခေတ်မီသိုလှောင်ရုံ၊ ကုန်သွယ်မှုဗဟိုဌာန၊ ကုန်ဖြန့်ဝေရေးဗဟိုဌာနများ၊ ကုန်သွယ်ရေးဇုန်များအစရှိသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလှသော အပေါ်ထပ်အဆောက်အအုံများကို ပြုပြင်ခြင်း၊ တိုးချဲ့ခြင်းလုပ်ငန်းများကို မလွဲမသွေဆောင်ရွက်ရမည်ဖြစ်ပါသည်။

၈။ ကုန်သွယ်ရေးမူဝါဒချမှတ်ရာတွင် ထည့်သွင်းစဉ်းစားသင့်သည့်အချက်များ

ယခုအခါ အပြည်ပြည်ဆိုင်ရာဈေးကွက်မှာ ပြိုင်ဆိုင်မှုပိုမိုများလာသည့်အတွက် မိမိတို့ထုတ်လုပ်သောပို့ကုန်များသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှသာ ဈေးကွက် သို့ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏တည်ရှိမှုသည် မဟာဗျူဟာအရ အရေးပါသောကြောင့် တစ်ဆင့်ခံဖြတ်သန်းကုန်သွယ်မှု (Transit Trade) နှင့် တစ်ဆင့်ခံပြန်လည်တင်ပို့မှု (re-export) တို့အတွက်လည်း ပို့ကုန်မြှင့်တင်ရေးမူဝါဒရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရပါမည်။ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည့် တရုတ်နှင့်အိန္ဒိယနိုင်ငံ များ၏ စောက်ချထုတ်လုပ်မှု (specialization) သည် မြန်မာနိုင်ငံနှင့် ကွာခြားလာသည့် အလျောက် ဒေသတွင်းကုန်သွယ်မှု ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

လက်ရှိကာလတွင် တရုတ်-အိန္ဒိယနှင့် အခြားနိုင်ငံများမှ ကုန်စည်များစီးဆင်းမှုကို မြန်ဆန်စေရန် မြန်မာနိုင်ငံမှတစ်ဆင့်ခံဖြတ်သန်း ကုန်သွယ်မှုပြုရန်အတွက် လမ်းကြောင်း(၃)ခုကိုဖွင့်လှစ်ထားရာ မြန်မာနိုင်ငံမှ တစ်ဆင့်ခံဖြတ်သန်း၍ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံကို ဆက်သွယ်ထားသည့် မူဆယ်- မန္တလေး-တမူးလမ်းကြောင်း၊ မလက္ကာရေလက်ကြားကိုမဖြတ်သန်းဘဲ ပင်လယ် ရေကြောင်းခရီးစဉ် ကီလိုမီတာ ၁၀,၀၀၀ ထက်လျော့နည်း၍ ပိုမိုခရီးတွင်စေသည့် မူဆယ် - မန္တလေး - ရန်ကုန်လမ်းကြောင်းနှင့် ရန်ကုန်ဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းတို့ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်၍ ၂၀၁၅ ခုနှစ်တွင် အကောင်အထည်ဖော်ရမည့် အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသအရစိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရင်ဆိုင်ရမည်ဖြစ်၍ ဒေသတွင်းသဘောတူညီချက်များ၊ ကတိကဝတ်များ၊ နှစ်နိုင်ငံသဘောတူညီချက်များနှင့် စာချုပ်များပါအချက်များအရ ကုန်စည်နှင့်ဝန်ဆောင်မှုကုန်သွယ်မှုဆိုင်ရာ ဖြေလျှော့ခြင်း၊ လွတ်လပ်ခွင့်ပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအချက်များကို ကဏ္ဍစုံမှပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါ၍ ကုန်သွယ်မှုမူဝါဒတွင်ထည့်သွင်းစဉ်းစားရပါမည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် WTO မှ ပြဋ္ဌာန်းထားသောကုန်သွယ်ရေးလုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေရှိစေရန်လည်း ဆောင်ရွက်ရပါ မည်။

ထို့ပြင် ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ထည့်သွင်းစဉ်းစားသင့်သောအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ဈေးကွက်သုတေသနပြုလုပ်ခြင်းကို အခြေခံ၍ ပြည်တွင်း၊ ပြည်ပဈေးကွက်အခြေအနေကို သိရှိနားလည်၍ ထိရောက်သည့် မူဝါဒချမှတ်ရန်လိုအပ်ခြင်း၊

(၂) ဦးတည်ရည်မှန်းချက်ထားသည့် ဈေးကွက်ဝင်နိုင်ငံများတွင် ပို့ကုန်မြှင့်တင်ရေးအဖွဲ့ အစည်းများ ဖွဲ့စည်းပေးထားခြင်း၊

(၃) ဦးတည်ရည်မှန်းချက်ထားသည့် ဈေးကွက်ဝင်နိုင်ငံများသို့ ကိုယ်စားလှယ်အဖွဲ့များစေလွှတ်၍ ကုန်သွယ်မှုမြှင့်တင်ခြင်းကို ဆောင်ရွက်ခြင်း၊

(၄) ကုန်သွယ်ဘက်နိုင်ငံများနှင့် ကုန်သွယ်ဆက်ဆံမှုတိုးမြှင့်ခြင်း၊

(၅) အဓိကပို့ကုန်ပစ္စည်းများ၏ အရည်အသွေးခိုင်မာမှုရှိစေခြင်း၊

(၆) သတ်မှတ်ပို့ကုန်ပမာဏထက် ပိုမိုတင်ပို့နိုင်ပါက အခွန်ကင်းလွတ်ခွင့်ပေးခြင်း၊

(၇) ပြည်ပကုန်သွယ်မှုလုပ်ငန်းများအတွက် အကြွေးအာမခံပေးခြင်းနှင့် စိုက်ပျိုးထုတ်လုပ်သူများအတွက် နစ်နာမှုမရှိစေရန် ထောက်ပံ့ကြေးပေးခြင်း၊

(၈)နိုင်ငံတကာဈေးကွက်အခြေအနေနှင့် စပ်လျဉ်းသည့်သတင်းများအား စိုက်ပျိုးထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည်အထိ ပါဝင်သည့်လုပ်ငန်းရှင်များအား ထိရောက်စွာ ဖြန့်ဖြူးပေးခြင်း၊

(၉)စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်တတ်စေရန်နှင့်နိုင်ငံတကာအဆင့်မီစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များအား မြှင့်တင်ပေးခြင်း၊

(၁၀)ကုန်သွယ်မှုဆွေးနွေးခြင်းနှင့် သဘောတူညီချက်များမှ အမှန်တကယ်အကျိုးအမြတ်ရရှိစေရန် ဆောင်ရွက်ခြင်း၊

(၁၁)လုပ်ငန်းရှင်များအတွက် သင်တန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်း၊

(၁၂)နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာဆွေးနွေးပွဲများ၊ စီးပွားရေးဖိုရမ်များသို့ ကိုယ်စားလှယ်များစေလွှတ်၍ လုပ်ငန်းတိုးတက်မှုရှိစေခြင်း၊

(၁၃)ရရှိထားပြီးဖြစ်သည့် ဈေးကွက်များကိုထိန်းသိမ်းထားရှိ၍ ဈေးကွက်အသစ်များကို ထိုးဖောက်ခြင်း၊

(၁၄)ပို့ကုန်လျှင်မြန်ချောမွေ့စေရန် အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊

၉။ နိဂုံးနှင့် အကြံပြုချက်များ

မြန်မာနိုင်ငံ၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကုန်သွယ်ရေးကဏ္ဍ ယခုထက်ပိုမိုတိုးတက်ရန် လိုအပ်ပါသည်။ အထူးသဖြင့် တန်ဖိုးနည်းအခြေခံပို့ကုန်များတင်ပို့ခြင်းမှ တန်ဖိုးမြှင့်စက်မှုထုတ်ကုန်များ တင်ပို့နိုင်မှသာ သိသာသောစီးပွားရေးတိုးတက်မှု ရရှိမည်ဖြစ်ပါသည်။ ထို့အတွက် လက်ရှိသဘာဝအခြေခံပို့ကုန်များကို ကုန်ကြမ်းမှကုန်ချောအဆင့်သို့ အဆင့်တက်ပြုပြင်ထုတ်လုပ်တင်ပို့ရန်လိုအပ်သကဲ့သို့ ပေါ်များစွာတည်ရှိနေသည့် သဘာဝ

အရင်းအမြစ်နှင့် လုပ်အားစူးစိုက်သုံးစက်မှုပို့ကုန်လုပ်ငန်းများ ထူထောင်နိုင်ရေး တည်ဆောက်ရန် အထူးလိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ထိရောက်သောတွန်းအားများနှင့် မက်လုံးများပေးမှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ အခြားနိုင်ငံများ၏ အတွေ့အကြုံအရ ပို့ကုန်နှင့်ဆက်စပ်နေသောလုပ်ငန်းများ ဖြစ်ထွန်းစေရန် အထောက်အပံ့များ၊ အခွန်အကောက်များသက်သာခွင့်များ၊ ကင်းလွတ်ခွင့်များ၊ ဘဏ်ချေးငွေများအပြင် ကုန်သွယ်မှုနှင့်ဆိုင်သောလူ့စွမ်းအားအရင်းအမြစ်နှင့်အပေါ်ထပ်အဆောက်အဦများဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ထို့အတွက်လက်ရှိတစ်ပြိုင်တည်းကျင့်သုံးနေသည့်သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းမဟာဗျူဟာထက်ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းမဟာဗျူဟာကိုပိုမိုဦးစားပေး အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။တိုင်းပြည်၏ပကတိအခြေအနေအရ နှိုင်းယှဉ်အကျိုးကျေးဇူးအရ အားသာသောထုတ်ကုန်များကို အခြေခံ၍ ကမ္ဘာ့ဈေးကွက် အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်သည့် သဘာဝအခြေခံနှင့်လုပ်အားစူးစိုက်သုံးစက်မှုကုန်စည်များတိုးချဲ့ထုတ်လုပ်တင်ပို့ ရောင်းချနိုင်မှသာပို့ကုန်ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုပုံစံ (Export-led economic growth model)ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာရေး အတွက် မူပို့ကုန်မြှင့်တင်ရေးပေါ်လစီကိုရင်းနှီးမြှုပ်နှံမှုပေါ်လစီ၊ ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးပေါ်လစီ၊ စက်မှုဖွံ့ဖြိုးရေးပေါ်လစီစသည်တို့နှင့်အပြန်အလှန် အထောက်အပံ့ပြုစေရန်ချိတ်ဆက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများဖွံ့ဖြိုးလာခြင်းမှတစ်ဆင့် လူအများအလုပ်အကိုင်ရရှိလာခြင်း၊စက်မှုနည်းပညာပြန့်ပွားလာခြင်း၊ပို့ကုန်တန်ဖိုးများ သိသိသာသာတိုးတက်လာခြင်းတို့မှတစ်ဆင့် တိုင်းပြည်၏စီးပွားရေးတိုးတက်လာမည်ဖြစ် သကဲ့သို့အခြေခံလူတန်းစားများ၏ဝင်ငွေကိုသိသိသာသာမြှင့်တင်စေခြင်းအားဖြင့်တစ်နိုင်ငံလုံးအဆင့်ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပို့ကုန်မြှင့်တင်ရေးပေါ်လစီ၏ စေ့ဆော်မှုမှတစ်ဆင့်ပို့ကုန်ဦးစားပေးစက်မှုလုပ်ငန်းများ ပေါ်ပေါက်လာစေခြင်းဖြင့် စဉ်ဆက်မပြတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ကျမ်းကိုးစာရင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၊ မြန်မာနိုင်ငံပို့ကုန်သွင်းကုန် အခြေအနေတင်ပြချက် (၂၀၀၅ ၊၂၀၀၆ ၊၂၀၀၇ ၊၂၀၀၀ ၊၂၀၀၉ ၊၂၀၁၀၊ ၂၀၁၁)

၂။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးမှု အခြေအနေ ၂၀၀၉-၂၀၁၀ ခုနှစ် (ဧပြီလမှ မတ်လ)

၃။ ကုန်သွယ်မှုမူဝါဒများသတ်မှတ်ရာတွင် လိုက်နာသင့်သည့် အခြေခံမူများ ႏ စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (၁၉၉၈ - ဩဂုတ်လ ၁၈ ရက်)

၄။ ကမ္ဘာ့နိုင်ငံအချို့၏စီးပွားရေးသမိုင်းကြောင်းနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ႏ အောင်ကိုကို ၊ ရန်ကုန်၊ ထက်ဝေယံစာပေ (၂၀၀၉ - ဇူလိုင်လ)

၅။ Maung Aung. BIMST-EC Japan Cooperation and Trade Myanmar Perspective, Research Conference, Bangkok 2007.

၆။ Chong-Yah Lim. South East Asia: A Long Road Ahead, 2001 June.

၇။ http://library.thinkquest.org/11372/data/f2-polic.htm

၈။ http://unctadstat.unctad.org

၉။ www.aseansec.org

၁၀။ www.ciaworldfactbook.com

၁၁။ www.heritage.org

www.worldbank.org